သူငယ်ချင်းရေ,
**ကံလမ်းနဲ့ဉာဏ်လမ်းမှာဘယ်လမ်းလျှောက်မလဲဆိုတာ ကိုယ်ကိုယ်တိုင်ဘဲရွေးချယ်ရလိမ့်မယ်။**
တို့တွေတသံသရာလုံး ကံလမ်းကိုဘဲလျှောက်ခဲ့ကြတာပါ။ ဒါကြောင့်လဲမရေမတွက်နိုင်အောင် ဘုရားအဆူဆူပွင့်ပြီးတာတောင် သံသရာ ထဲမှာတဝဲလည်လည်ကျင်လည်နေရတုံးဘဲမဟုတ်လား။ ပိုင်းလော့ဆရာတော်က လမ်း(၃)လမ်းရှိကြောင်းမှတ်သားထားရမယ်တဲ့။ အဲဒါကတော့
(၁) အစုန်လမ်း
(၂) အဆန်လမ်း နဲ့
(၃) နိဗ္ဗာန်လမ်း ဘဲဖြစ်ပါတယ်။
လောကီအာရုံကာမဂုဏ်တွေဖြစ်တဲ့ သားရေး၊သမီးရေး၊ စီးပွါးရေးကိစ္စတွေ၊ ပွဲလမ်းသဘင်၊ ဂီတ စတာတွေနဲ့ဘဲ အချိန်ကုန်နေရင် အစုန်လမ်း သွားများလို့မှတ်ပါ။
ဒါန၊ သီလ၊ သမထ ဘာဝနာ အလုပ်နဲ့ ပျော်မွေ့ရင်တော့ အဆန်လမ်း သွားများလို့မှတ်ပါ။
ဝိပဿနာအလုပ်ကို မဂ္ဂင်(၈)ပါး ကျင့်စဉ်နဲ့ အပတ်တကုပ် ကြိုးစားအားထုတ်နေရင် တော့ နိဗ္ဗာန်လမ်း သွားများလို့မှတ်ပါ။ တဲ့။

အစုန်လမ်း သွားများရဲ့ လမ်းဆုံးကတော့ အပါယ်(၄)ဘုံပါဘဲ။
အဆန်လမ်း သွားများကတော့ သုဂတိဘုံတွေဖြစ်တဲ့ လူ့ပြည်၊ နတ်ပြည် ကိုရောက်နိုင်ပါတယ်။ ဒါပေမဲ့ ဒါကလဲ ကံလမ်းဘဲဖြစ်လို့ မနေ့က စာထဲမှာ ရှင်းပြထားသလို သေခါနီးမှာ ဘယ်ကံကအကျိုးပေးမယ်မသိလို့ မသေချာပါဘူး။
စိတ်အချရဆုံးကတော့ ဉာဏ်လမ်း ဖြစ်တဲ့ နိဗ္ဗာန်လမ်း ပါပဲ။ ဝိပဿနာအလုပ်က ရှု နေစဉ်မှာလဲ ငြိမ်းချမ်းတယ်။ တဏှာအစပ် ပြတ်လို့ချက်ချင်းအကျိုးခံစားရပါတယ်။ ဒီဘဝမှာပင် ပါရမီ အနအရင့်ပေါ် မူတည်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်ပါတယ်။ ဝိပဿနာ နဲ့သေလို့ကတော့ အနည်းဆုံးနတ်ပြည်ရောက်တဲ့ပြင် မဂ်စိတ်ကျပြီး သောတာပန်နတ်သားဖြစ်နိုင်ပါတယ်။

"ဝိပဿနာအစ၊ သံဝေဂ" ဆိုတဲ့စကား သူငယ်ချင်းကြားဖူးမှာပါ။
ကျေးဇူးတော်ရှင်ပိုင်းလော့ဆရာတော်ရဲ့ ဟောစဉ်ထဲက သံဝေဂ ဉာဏ်နဲ့ပတ်သက်ပြီး သူငယ်ချင်း သိအောင် ပြောပြချင်ပါတယ်။
မြတ်စွာဘုရားရှင် သည် သံဝေဂ ဉာဏ်နဲ့ပတ်သက်ပြီး ဘဒ္ဒဝဂ္ဂီ ညီနောင်(၃၀)ကို ဟောကြားခဲ့ဘူးပါတယ်။ သူတို့တွေဟာ အနာဂါမ် ဖြစ်ပြီးသားတွေပါ။ အခြေခံသိပြီးသား၊ ဒေါသလည်းထိန်းနိုင်တယ်၊ ဒါပေမဲ့ ဘာလို့ခုထိ ရဟန္တာ မဖြစ်ကြသေးတာလဲလို့ ဆင်ခြင်ကြည့်တော့ သံဝေဂ ဉာဏ် လိုနေတာကို ဘုရားရှင် သွားတွေ့ပါတယ်။ သဘောပေါက်ရက်သားနဲ့အထိုင်မကျသေးတာ….။ နိဗ္ဗာန် ကိုတော့သိတယ်၊ အရဟတ္တ ကျင့်စဉ်မှာ အထိုင်မကျသေးတာ….။

အချိန်နဲ့ ပတ်သက်ပီး မှားနေတာ...အများကြီး၊ အကြာကြီး နေရအုံးမယ် ထင်ထားတာ၊ ဒီအမှား ကြောင့်ဆိုတာသိတော့ ဘုရားရှင် က ဘဒ္ဒဝဂ္ဂီ ညီနောင်(၃၀)ကို သံဝေဂ ဉာဏ် ရစေဖို့ သံသရာ ရဲ့သက်တမ်းကိုတွက်ပြတော်မူပါတယ်။ အချိန်ကို ဆန်းစစ်ပြတော်မူပါတယ်။

ဘုရားရှင် က ချစ်သားတို့.... သံသရာ ရဲ့သက်တမ်း ဟာအသင်္ချေပေါင်း အနန္တ ရှိပါတယ် လို့ ဟောကြားတော်မူပါတယ်။
တစ်သင်္ချေ...ဆိုတာ ၁ နောက်မှာ သုည အလုံးပေါင်း ၁၄၀ ဆိုတဲ့ ဂဏာန်း ပမာဏ ရှိပါတယ်။ နှစ်တွေမဟုတ်ဘူးနော်...ကမ္ဘာ တွေပါ၊ တစ် ကမ္ဘာ ဆိုတဲ့ကာလက ဘယ်လောက်ကြာလဲဆို တော့ ....အလျား၊အနံ၊အမြင့် ၁၂မိုင် ရှိတဲ့သံကန်ကြီးထဲကို မုန်ညှင်းစေ့တွေ အပြည့်ထည့်မယ်။ ထို မုန်ညှင်းစေ့ များထဲမှ နှစ်တရာ မှာ ၁ စေ့ယူပီးဖယ်မယ်၊ ထို မုန်ညှင်းစေ့ များ အားလုံး အားလုံးကုန်ဆုံးသွားမဲ့ အချိန်သည် တစ် ကမ္ဘာ ဖြစ်ပါတယ်။ ဤကဲ့သို့ ကြာညောင်းလှစွာ၊ များပြားလှသော ဘဝတွေကို ကျင်လည် ကျက်စားပြေးလွှားခဲ့ရပါတယ် လို့ ဥပမာ ဆောင် ပြတော်မူပါတယ်။

လူ့ဘဝ၊ တိရစ္ဆာန်ဘဝ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ နတ်၊ ဗြဟ္မာ၊ ဖြစ်ခဲ့ဘူးတာတွေထဲကမှ ကမ္ဘာ ပေါင်းများစွာမှာ လူကိုဖယ်ထား၊ တခြားဘဝတွေထား၊ နွားဘဝ တခုထဲ။ ဒီ နွားဘဝ ထဲမှာပဲ အနီ၊ အနက်၊ အညို တွေ ခဏဖယ်ထားပါ။ နွား အဖြူ ဘဝတခုထဲနဲ့ ခေါင်း ဖြတ် သတ်ခံရလို့ကျခဲ့ရတဲ့ သွေးတွေပေါင်းထားမယ်တဲ့။ ချစ်သားတို့...ဒီ ကမ္ဘာသေးသေးလေး မှာရှိတဲ့ပင်လယ်ရေနဲ့ ကျခဲ့တဲ့သွေးထုထည် နှိုင်းရင် ဘယ်ဟာများမလဲလို့မေးပါတယ်။ လွယ်လွယ်နဲ့ ဖြေလို့မရဘူးနော်၊ နက်နက်ရှိုင်းရှိုင်း တွေးပီးဖြေကြရမယ်ဆိုတော့........ သွေး ကများပါတယ်လို့ဖြေကြရတယ်။ ဘုရားရှင်က မှတ်ရမယ်တဲ့၊ ဆိတ်ဘဝ၊ ကြက်၊ ဘဲ၊ဝက် စသဖြင့် မဖြစ်ဘူးသောဘဝမရှိပါ....။

လူ့ဘဝ မှာလည်း တောလမ်းမှာသူပုန်တွေသတ်လို့ကျခဲ့ရတဲ့ မျက်ရည်တွေ၊ သေခါနီး မှာမသေချင်ပဲသေရတော့ကျခဲ့ရတဲ့ မျက်ရည်တွေ၊ ချစ်တဲ့သူတွေနဲ့ သေကွဲ၊ရှင်ကွဲ ကွဲ ခဲ့ရလို့ ကျခဲ့ရတဲ့ မျက်ရည်တွေ၊ ပေါင်းထားမယ်ဆိုရင်ဒီကမ္ဘာသေးသေးလေးကပင်လယ် ရေ ကထို မျက်ရည်တွေထက် နည်းပါသေးတယ်တဲ့။
အဲလိုဘဝတွေများနေပေမဲ့ တကယ်ကျင်လည်ရတာက ဂဏာန်းသေးသေးလေး....၃၁ဘုံပဲ ရှိတာ။ စကားအရ သာ ၃၁ ဘုံနော်၊ အနာဂါမ် ဗြဟ္မာကြီးတွေသာ ရောက်နိုင်တဲ့ သုဒ္ဓါဝါသ ၅ ဘုံကိုဖယ်လိုက်ရင် ၂၆ဘုံ ဘဲကျင်လည်ရတာဆိုတော့ အဲလို အစုန် အဆန် ပြေးသွား ကျင်လည်ခဲ့ရဘူးသောဘဝ တွေထဲမှာ.............မဖြစ်ဘူးတာမရှိ၊

မရဘူးတာတစ်ခုမှမရှိဘူးတဲ့...။

မတော်ဘူးတဲ့ ဆွေမျိုးလဲမရှိ...။
မရောက်ဘူးတဲ့ နေရာမရှိ...။
မမြုပ်ဘူးတဲ့ သင်္ချိုင်းမြေမရှိ...။
ဗြဟ္မာ ပြည် ဆိုတာလည်းမဆန်း။
နတ် ပြည် ဆိုတာလည်းမဆန်း။
ရွှေ ငွေ ဥစ္စာ တွေ ဆိုတာလည်းမဆန်း။
တိုက်တာ ခြံမြေ၊ ကားတွေ ဆိုတာလည်းမဆန်း။
အိမ်ထောင်သားမွေးကိစ္စ တွေ ဆိုတာလည်းမဆန်း။
လူချမ်းသာဘဝ၊ ရှင်ဘုရင်ဘဝ၊ စကြာမင်းဘဝ တွေ လည်းမဆန်း။
သူတောင်းစားဘဝ၊ ပါမောက္ခဘဝ၊ အနူအဝဲ အကျိုးအကန်းဘဝ၊ အချော အလှဘဝ၊ အကြိမ်ကြိမ် ဖြစ်ခဲ့ဘူးပြီး။ ဘယ်လို စိတ်ကူးတွေပုံဖေါ်ပီး စိတ်ကူးတွေ ယဉ်ယဉ် ရိုးနေပီ။ ဘယ်ဘဝဖြစ်ဖြစ် အို နာ သေ နဲ့ပဲ အဆုံးသတ်ရတာ၊ နောက်ဆုံးအားလုံးထားခဲ့ရတာ....။ ပင်ပန်းလှပါပြီ။
လောကမှာ တွေးချင်ရာတွေး၊ စိတ်ကူးကိုကြိုက်သလိုယဉ်၊ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ မှန်သမျှ အကုန်ဖြစ်ခဲ့ဘူးပြီ။ မဖြစ်ဖူးတာ တခုမှမရှိ၊ မရ ဖူးတာ တခုမှမရှိ၊ **မရ ဖူးတာ နိဗ္ဗာန် တခုသာ ကျန်ပါတော့တယ်။**

အဲဒီအချက်တွေကို ထည့်မတွက်ပဲ တို့တွေကိုလွှမ်းမိုးနေတဲ့ အဓိကအချက်က အချိန်နဲ့ ပတ်သက်ပီး လက်ရှိရထားတဲ့ဘဝလေးကိုအကြာကြီး နေရအုံးမယ်လို့ထင်နေတာပါပဲ။ ဒီလိုထင်ထားတော့ ရှေ့လမှာဘာလုပ်မယ်၊ နောက်နှစ်အနာဂတ်တွေ အများကြီးပုံဖော်ထားမိတယ်။ အို နာ သေ ကိုထည့်မတွက်ဘဲ ဘဝထူထောင်ရေးအတွက်ကြိုးစားနေမိတယ်၊ အချိန်များစွာပေးနေမိတယ်။ ဒီသား၊ဒီသမီး၊ဒီခင်ပွန်း နဲ့ ပျော်တပြုံးပြုံး၊ မော်မဆုံးဖြစ်နေကြတယ်။

ဒီတော့ သူငယ်ချင်းရေ....ရခဲလှတဲ့လူ့ဘဝရခိုက်မှာ ဘဝရဲ့အနှစ်သာရ အစစ်ဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြုနိုင် ဖို့ အချိန်ရှိခိုက်၊ လုံ့လ စိုက်ပီး ကြိုးစားကြစို့လား။

စီစီချိုသန်း
၂၉.၃.၂၀၀၉